# ဓမ္မခန္ဓာ (၁၀၂) လောကီစည်းဇိမ် (အလ်-တကားဆို့ရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၆)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်-[၁း၁]

| | |
|---|---|
| ၁။ | **أَلْهَاكُمُ التَّكَاثُرُ** ۞<br>ပေါများကြွယ်ဝခြင်းက အာရုံလွှဲထားသည်မှာ-[၁၉၅] |
| ၂။ | **حَتَّى زُرْتُمُ الْمَقَابِرَ** ۞<br>သချိုင်းတွင်းသို့ သင်တို့ သွားရောက်ချိန်ထိ ဖြစ်၏။ |
| ၃။ | **كَلَّا سَوْفَ تَعْلَمُونَ** ۞<br>အမှန်မှာ- မကြာမီ သင်တို့ သိကြရလတ္တံ့။ |
| ၄။ | **ثُمَّ كَلَّا سَوْفَ تَعْلَمُونَ** ۞<br>တဖန် အမှန်ပင်- မကြာမီ သင်တို့ သိလာကြရလတ္တံ့။ |
| ၅။ | **كَلَّا لَوْ تَعْلَمُونَ عِلْمَ الْيَقِينِ** ۞<br>အမှန်မှာ သင်တို့သည် မှန်ကန်သော အမြင်ဖြင့် သိကြပါလေစ။ |
| ၆။ | **لَتَرَوُنَّ الْجَحِيمَ** ۞<br>သင်တို့သည် ငရဲဘုံအား ဒိဋ္ဌမြင်တွေ့ရလတ္တံ့။ |
| ၇။ | **ثُمَّ لَتَرَوُنَّهَا عَيْنَ الْيَقِينِ** ۞<br>တဖန် သင်တို့သည် ၎င်းကို မှန်ကန်သော အမြင်ဖြင့် မျက်ဝါးထင်ထင် မြင်တွေ့ရလတ္တံ့။ |
| ၈။ | **ثُمَّ لَتُسْأَلُنَّ يَوْمَئِذٍ عَنِ النَّعِيمِ** ۞<br>တဖန် ထိုနေ့ကာလ၌ ဂုဏ်တက်ခဲ့မှုများအတွက် မေးမြန်းစစ်ကြောခံရလတ္တံ့။ |

---

**(၁၉၅)** လူသားအား ကောင်းမှုဆီသို့ မရောက်နိုင်ရန် လောကီ ဥစ္စာစုဆောင်းခြင်း၊ ကြွယ်ဝသည်ထက် ကြွယ်ဝစေရန် လောဘတက်နေခြင်းတို့က အာရုံလွှဲထားသည်ဟု ဆိုလိုပေသည်။ အစ္စလာမ် သာသနာက စီးပွားရေး မပြုလုပ်ရဟု တားမြစ်ထားခြင်း မရှိချေ။ သို့သော် စီးပွားရေးလုပ်ခြင်း၊ နိုင်ငံရေးလုပ်ခြင်း၊ စသည့် မည်သည့် လုပ်ငန်းစဉ်၌ မဆို တရား ဥပဒေဘောင်အတွင်းမှ ဖြစ်စေရန်၊ သမာသမတ်ကျစေရန်၊ မိမိထက် ချို့တဲ့သူများအား ပေးသင့်ပေးထိုက်သော အကျိုးခံစားခွင့်များကို ဆောင်ရွက်ဖြည့်ဆီးပေးစေရန်- သွန်သင်ပေသည်။ လောဘရမက်တက်လျှက် သေတွင်းဝင်ချိန်အထိ ကောင်းမှုအား မေ့လျော့နေခြင်းများကို ရှုတ်ချပေသည်။ လောကီ၌ စည်းပွားကြောင့်- ရပိုင်ခွင့်ကြောင့်- အာဏာကြောင့် ဂုဏ်တက်မောက်မာ နေခြင်းများသည် စစ်ကြောခြင်းခံရမည်ဟု ယုံကြည်သူအပေါင်းအား နောက်ဆုံးသုတ်တော်မှ သတိပေးထားပေသည်။